*"The only imaginative prose-writer of the slightest value who has appeared among the English-speaking races for some years past."*

- George Orwell -

ဟင်နရီမီလ်လာက နှစ်ဆယ်ရာစုရဲ့ အရေးပါဆုံး စာရေးဆရာတွေထဲက တစ်ယောက်ပဲ။ ဘော့ဘ်ဒိုင်လန်ရဲ့အဆိုအတိုင်း 'အကြီးကျယ်အခမ်းနားဆုံး အမေရိကန်စာရေးဆရာ' ဖြစ်မဖြစ်သာလျှင် ငြင်းစရာရှိတယ်။

ပြင်သစ်မှာနေထိုင်စဉ် ၁၉၃၄ မှာ ထုတ်ဝေတဲ့ ပထမဆုံးလက်ရာ *Tropic of Cancer* က လိင်ပိုင်းဆိုင်ရာ ပွင့်လင်းအရေးအသားတွေကြောင့် အတော်ဂယက်ထနခဲ့တယ်။ ပါရီမှာ ပုံနှိပ်ဖြန့်ချိခဲ့ပြီး မိခင်နိုင်ငံဖြစ်တဲ့ အမေရိကားမှာ နှစ်သုံးဆယ်နီးပါး ထုတ်ဝေခွင့်မရခဲ့ဘူး။ ငါးနှစ်အကြာမှာ ထွက်လာတဲ့ *Tropic of Capricorn* ဟာလည်း အလားတူကံကြမ္မာနဲ့ ကြုံရတယ်။ သူ့ရဲ့စာအုပ်တော်တော်များများတို့ကို ၁၉၆၀-၆၅ ကာလမှ အမေရိကားမှာ ထုတ်ဝေနိုင်ခဲ့တာဖြစ်ပြီး အဲဒီအချိန်မှာ သူ့အသက် ခုနစ်ဆယ်ကျော်အရွယ်ရှိပြီ။

ဒီစာအုပ်က *Black Spring* (1936) နဲ့ *The Cosmological Eye* (1939) တို့မှာ ဖော်ပြခဲ့တဲ့ *The Tailor Shop* ကို ဘာသာပြန်ဆိုထားတာ ဖြစ်တယ်၊ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ *Tropic* နှစ်အုပ်တို့ထက် အဆိပ်နည်းတယ်ပြောလို့ရပေမယ့် အဆာပြေ အလွယ်ဖတ်ဖို့ တော်သင့်တဲ့လက်ရာလို့ မဆိုထိုက်ပြန်ဘူး။ သို့သော် မီလ်လာရဲ့စာပေအနုပညာဟာ အငြင်းပွားဖွယ်ဆိုတဲ့ တံဆိပ်ကို ကျော်လွန်ပြီး ကိုယ်ပိုင်အသက်ဇီဝနဲ့ကိုယ်ပိုင်လေထုထဲ နောက်ထပ် ဆယ်စုနှစ် ရာစုနှစ်များအထိ ဆက်လက်လို့ ရှင်ကျန်နေမှာဖြစ်တဲ့အကြောင်း လှစ်ဟသက်သေထူနေတဲ့ တံခါးတစ်ချပ်ကို ဒီစာအုပ်မှာ တွေ့ရလိမ့်မယ်။

*The Tailor Shop* မှာ ငယ်ရွယ်တဲ့ဟင်နရီမီလ်လာရဲ့ အမှတ်တရမှတ်ဉာဏ်များက အမှတ်ငါးရိပ်သာ၊ သူ့ဖခင်ရဲ့အပ်ချုပ်ဆိုင်၊ ဖောက်သည်တွေ၊ ဇိုးသမားအုပ်စုတွေ၊ သေခြင်းတရားနဲ့ အနာရောဂါတွေ၊ မိသားစုကြေကွဲဇာတ်တွေ စသဖြင့် လူငယ်ဘဝ အစောပိုင်းနှစ်ကာလတစ်ချို့ဆီ တဖတ်သူကို ပြန်လည်ခေါ်ဆောင်သွားတယ်။ မီလ်လာရဲ့ ရှင်သွက်တဲ့ဇာတ်ပြောဟန်က တစ်ခါတစ်ရံမှာ ယစ်မူးဆေးတစ်ဖုံလို ပြုစားနိုင်ပြီး တစ်ခါတစ်ရံမှာတော့ အိပ်မက်ဆန်တဲ့ နိမိတ်ပုံအပိုင်းအစတွေ ချိတ်တွဲထားသော စိတ်စီးကြောင်းအနက်ထဲ တိုးဝင်ရွေ့မျောသွားတယ်။